Form (2)

1232-F

19-9-2016

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1156/2016 Date 19 September 2016

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. QIAO, LIANG

(b) Citizenship CHINESE

(c) Address NO.49, QIAN GIECO QUARTER, JIANG SU STATE, XU XI CITY, BEI JIE ZHAN, TAO XIN CHUN CHINA, HUI SHAN T/S, PEOPLE'S REPUBLIC OF CHINA

(d) Name and Address of Principal Organization MAXVIS INTERNATIONAL TRADING LIMITED, RM B,1F., L . A BLDG.66 CORPORATION ROAD GRANGE TOWN CARDIFF, UNITED KINGDOM

(e) Place of incorporation UNITED KINGDOM

(f) Type of investment business MANUFACTURING OF GARMENTS ON CMP BASIS (FACTORY-2)

(g) Place(s) at which investment is permitted PLOT NO. 13,14,15, MYAY TAING BLOCK NO. 25, SHWE LIN BAN INDUSTRIAL ZONE, HLAING THARYAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 3.01 MILLION

(i) Period for foreign capital brought in WITHIN ONE YEAR FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 3.01 MILLION

(k) Construction period 18 MONTHS

(l) Validity of investment permit 20 YEARS

(m) Form of investment WHOLLY FOREIGN OWNED

(n) Name of Company incorporated in Myanmar HANDA (YANGON) GARMENT COMPANY LIMITED

19.9.16

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၁၅၆/၂၀၁၆ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. QIAO, LIANG

(ခ) နိုင်ငံသား CHINESE

(ဂ) နေရပ်လိပ်စာ NO.49, QIAN GIECO QUARTER, JIANG SU STATE, XU XI CITY, BEI JIE ZHAN,TAO XIN CHUN CHINA, HUI SHAN T/S, CHIN

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ MAXVIS INTERNATIONAL TRADIN LIMITED, RM B, 1 F., L . A BLDG.66 CORPORATION ROAD GRANGE TOWN CARDIFF, UNITED KINGDOM

(င) ဖွဲ့စည်းရာအရပ် UNITED KINGDOM

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ် ခြင်းလုပ်ငန်း (စက်ရုံအမှတ်-၂)

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်-၁၃၊၁၄၊၁၅၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၅၊ရွှေလင်ပန်းစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၃.၀၁ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ခွင့်ပြုမိန့် ရရှိသည့်နေ့မှ (၁) နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၃.၀၁ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၁၈ လ

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၂၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့် HANDA (YANGON) GARMENT COMPANY LIMITED

19.9.16

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Tel: 95-1-658128
Fax:95-1-658141

Our ref :MIC-3/FI-1372/2016(1232-F)
Date : 15 September 2016

Subject: Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Garments on CMP Basis" under the name of "Handa (Yangon) Garment Company Limited"

Reference: Handa (Yangon) Garment Company Limited Letter dated (27-6-2016)

1. The Myanmar Investment Commission, at its meeting (17/2016) held on (9-9-2016), had approved that the proposal for investment in "Manufacturing of Garments on CMP Basis for Factory (2)" under the name of "Handa (Yangon) Garment Company Limited" submitted by Maxvis International Trading Limited (72%) from the United Kingdom, Mr. Wang Yunhao (18%) and Mr. Qiao, Liang (10%) from the People's Republic of China as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be initial 20 (twenty) years and extendable for 10 (ten) years in one time commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for Land and Buildings shall be 20(twenty) years commencing from the date of signing of the Lease Agreement between U Kyaw Myint (a) Kyaung Main,U Myint Swe (a) Si Paung and U Aye Thaung (Lessors) and Handa (Yangon) Garment Company Limited (Lessee) and extendable for 10(ten) years in one time by mutual agreement between the Lessors and the Lessee subject to the approval of Myanmar Investment Commission. On the expiry of the lease period for land and buildings, Handa (Yangon) Garment Company Limited shall transfer the leased land and buildings

to the lessors within 3(three) months in good condition, ground damages having been refilled and repaired.

4. The annual rent for the land and buildings shall be US$ 49,331.22 (United States Dollar fourty-nine thousand, three hundred and thirty-one and twenty-two cent only) calculated at the rate of US$ 5 per square metre per year of the total area of the land measuring 9,866.24 square metres(2.438 acres) for Plot No-13 and US$ 97,994.70 (United States Dollar ninety-seven thousand, nine hundred and ninety-four and seventy cent only) calculated at the rate of US$ 5 per square metre per year of the total area of the land measuring 19,598.94 square metres(4.843 acres) for Plot No-14-15, respectively. The annual rental rate is calculated at the rate of US$ 5 per square meter. The rate of rent shall be revised in view of prevailing land and buildings lease rates after every 5 (five) years period and increase of the rent shall not be more than 5% of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Handa (Yangon) Garment Company Limited shall have to sign the Lease Agreement for Land and Buildings with U Kyaw Myint (a) Kyaung Main, U Myint Swe (a) Si Paung and U Aye Thaung. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Handa (Yangon) Garment Company Limited shall use its best efforts for timely realization of work stated in the proposal. If none of such work has been commenced within one year from the date of issue of this "Permit", it shall become null and void.

8. Handa (Yangon) Garment Company Limited has to abide by Chapter X, Rules 58 and 59 of the Foreign Investment Rules for construction period.

9. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

10. As per Chapter X, Rule 63 of the Foreign Investment Rules, if Handa (Yangon) Garment Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

11. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

12. Handa (Yangon) Garment Company Limited for Factory(2) shall endeavour to meet the targets for production and export stated on the proposal as the minimum target.

13. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of Foreign Investment Law and Handa (Yangon) Garment Company Limited has to follow the existing Labour Laws for the recruitment of staffs and labours and for training accordingly on Chapter XIII, Rule 84 of the Foreign Investment Rules.

14. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency.

15. Handa (Yangon) Garment Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 14(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

16. Handa (Yangon) Garment Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

17. Handa (Yangon) Garment Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

18. Handa (Yangon) Garment Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of

Natural Resources and Environmental Conservation in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It shall have to prepare, submit and perform activities in accordance with this EMP and to abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

19. After getting permit from Myanmar Investment Commission, Handa (Yangon) Garment Company Limited for Factory (2) shall have to be registered at the Directorate of Industrial Supervision and Inspection.

20. Handa (Yangon) Garment Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to be undertaken such as water storage tank, fire hooks, sand bags, fire extinguishers and provide training to use the fire fighting equipment and also to be appointed the fire safety officer.

21. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made from export earning (CMP charges) of Handa (Yangon) Garment Company Limited.

22. Handa (Yangon) Garment Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of Foreign Investment Rules.

19.9.16

(Kyaw Win)
Chairman

Handa (Yangon) Garment Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Natural Resources and Environmental Conservation
4. Ministry of Labour, Immigration and Population
5. Ministry of Industry

6. Ministry of Commerce
7. Ministry of Planning and Finance
8. Chairman, CMP Enterprises Supervision Committee
9. Office of the Yangon Region Government
10. Director General, Department of Environmental Conservation
11. Director General, Directorate of Labour
12. Director General, Department of Immigration
13. Director General,Directorate of Industrial Supervision and Inspection
14. Director General, Department of Trade
15. Director General, Directorate of Investment and Company Administration
16. Director General, National Archives Department
17. Director General, Customs Department
18. Director General, Internal Revenue Department

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၃/န-CMP/၂၀၁၆(၁၁၇၈)

ရက်စွဲ ၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့

တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Eternal Ease (Myanmar) Garment Limited ၊ Handa (Yangon) Garment Company Limited (Factory-2) နှင့် Myanmar Jiale Fashion Co., Ltd. (Factory-2)တို့မှCMPစနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Eternal Ease (Myanmar) Garment Limited ၊ Handa (Yangon) Garment Company Limited (Factory-2)နှင့် Myanmar Jiale Fashion Co., Ltd. (Factory-2)တို့မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုလုပ်ငန်းနှင့် သက်ဆိုင်သော အချိန်ဇယား၊ ခန့်မှန်းခြေအကျိုးအမြတ်၊ လုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်အကျဉ်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန နှင့် CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ခွင့်ပြုကြောင်း သဘောထားမှတ်ချက်များကို **ပူးတွဲ** အဖြစ်တင်ပြအပ်ပါသည်။

၃။ အဆိုပြုတင်ပြချက်များအရလုပ်ငန်းများ၏အဓိကအချက်အလက်များဖြစ်သော တည်နေရာ၊ စုစုပေါင်းမတည်ငွေရင်းပမာဏ၊ ထုတ်လုပ်မည့်ပစ္စည်း၊ လုပ်သားအင်အား၊ မြေငှားကာလနှင့် မြေငှားရမ်းခ စသည်အချက်တို့မှာ အောက်ပါအတိုင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်-

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း ပမာဏ US$ (သန်း)	ထုတ်လုပ် မည့်ပစ္စည်း	လုပ်သား အင်အား (ပထမနှစ်)	မြေငှားရမ်း ကာလ	နှစ်စဉ်မြေနှင့် အဆောက် အဦ ငှားရမ်းခ/ တစ် စတုရန်းမီတာနှုန်း
Eternal Ease (Myanmar) Garment Limited	ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ သာစုကန် စက်မှုဇုန်၊ မြေတိုင်း ရပ်ကွက်အမှတ် (၅၁)၊ မြေကွက် အမှတ်(၁၃၃)	US $ ၄.၅၅ သန်း	T-Shirts, Shirt, Blouse, Pullover, Jacket , Dress , Pants , Shorts, Tank Top	၁၁၁၉ ဦး ပြည်တွင်း ၁၁၀၀ဦး ပြည်ပ ၁၉ ဦး	ကနဦး ၁၀ နှစ် နှင့် သက်တမ်းတိုး ၁၀ နှစ် ၂ကြိမ်	US $ ၆၀,၀၀၀ (၁)နှစ် တစ်စတုရန်း မီတာလျှင် US$ ၅.၂၂ နှုန်း

ကန့်သတ်

ကုမ္ပဏီအမည်	တည်နေရာ	စုစုပေါင်း မတည်ငွေရင်း ပမာဏ US$ (သန်း)	ထုတ်လုပ် မည့်ပစ္စည်း	လုပ်သား အင်အား (ပထမနှစ်)	မြေငှားရမ်း ကာလ	နှစ်စဉ်မြေနှင့် အဆောက် အဦ ငှားရမ်းခ/ တစ် စတုရန်းမီတာနှုန်း
Handa (Yangon) Garment Company Limited (Factory-2)	မြေကွက်အမှတ်- ၁၃၊၁၄၊၁၅ မြေတိုင်းရပ် ကွက်အမှတ်- ၂၅၊ ရွှေလင် ပန်း စက်မှုမြို့၊ လှိုင်သာယာ မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။	US$ ၃.၀၁ သန်း	All kinds of Vest, All Kinds of T-Shirt & Sport Shirt, All Kinds of Coat, All Kinds of Skirt, All Kinds of Pants, All Kindsof Night Dress, All Kinds of Blanket	၁၃၄၆ ဦး ပြည်တွင်း ၁၃၂၆ ဦး ပြည်ပ ၂၀ ဦး	ကနဦး ၂၀နှစ် နှင့် သက်တမ်းတိုး ၁၀ နှစ် ၁ ကြိမ်	US $ ၄၉,၃၃၀.၂၂ (မြေကွက်အ မှတ်-၁၃)၊ US $ ၉၇,၉၉၄.၇၀ မြေကွက်အမှတ် ၁၄ နှင့်၁၅) (၁)နှစ် တစ်စတုရန်း မီတာလျှင် US$ ၅ နှုန်း
Myanmar Jiale Fashion Co., Ltd. (Factory-2)	မြေကွက်အမှတ်- ၄၄၊ မြေတိုင်း ရပ် ကွက်အမှတ်-၂၅၊ ရွှေလင်ပန်းစက် မှုဇုန်၊ လှိုင်သာ ယာမြို့နယ်၊ ရန် ကုန်တိုင်းဒေသ ကြီး	US$ ၁.၀၀ သန်း	Jacket,Blazer , Dress, Blouse, Skirt, Pants	၅၁၂ ဦး ပြည်တွင်း ၅၀၂ ဦး ပြည်ပ ၁၀ ဦး	ကနဦး ၁၀နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်	**နောက်ဆက်တွဲ**

၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစား ခွင့်ပြုပါရန် တင်ပြထားပါသည်။

၅။ အဆိုပါလုပ်ငန်းများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၁-၃-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ စီးပွားရေးလုပ်ငန်း အမျိုးအစားများ ပြင်ဆင်သတ်မှတ်ခြင်းတွင် ခွင့်မပြုသည့်လုပ်ငန်း၊ နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ရ မည့်လုပ်ငန်း၊ ကန့်သတ်ချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၉/၂၀၁၆ (၂၃-၅-၂၀၁၆) နှင့် ၂၅/၂၀၁၆ (၄-၇-၂၀၁၆) အစည်းအဝေးများသို့ တင်ပြခဲ့ပါသည်။

၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ကုမ္ပဏီ (၃)ခု၏ ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့်များ ထုတ်ပေး မည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၈။ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Eternal Ease (Myanmar) Garment Limited ၊ Handa (Yangon) Garment Company Limited (Factory-2) နှင့် Myanmar Jiale Fashion Co., Ltd. (Factory-2) တို့မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

Myanmar Jiale Fashion Co., Ltd. (Factory-2)

နောက်ဆက်တွဲ

	အဆောက်အဦမပါမြေ		အဆောက်အဦပါမြေ	
	တစ်နှစ်ငှားရမ်းခ	ငှားရမ်းခနှုန်း	တစ်နှစ်ငှားရမ်းခ	ငှားရမ်းခနှုန်း
	(US$)	နှုန်း(US$/m)	(US$)	နှုန်း(US$/m)
၁ နှစ်မှ ၃ နှစ်	၁၃,၅၆၀	၅.၀၀	၃၃,၂၄၀	၆.၃၃
၄ နှစ်မှ ၆ နှစ်	၁၄,၆၄၅	၅.၄၀	၃၅,၈၈၉	၆.၈၃
၇ နှစ်မှ ၁၀ နှစ်	၁၅,၈၁၆	၅.၈၃	၃၈,၇၇၀	၇.၃၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

M-1258
2318/16

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃. ၆. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မရက-၃/န-၁၃၆၀/၂၀၁၆(၇၅၁)

၁။ ဟောင်ကောင်ရှိ Eternal Ease Development Limited မှ ၉၉. ၈၆ %၊ Mr. Yan, Feng မှ ၀. ၀၇%နှင့် Mr. Zhou Hexing မှ ၀. ၀၇% တို့ဖြင့် မြန်မာနိုင်ငံတွင် Eternal Ease (Myanmar) Garment Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ မြေကွက်အမှတ်(၁၃၃)ရှိ မြေဧရိယာ ၂. ၈၄၁ ဧက (၁၁၄၉၇. ၁၃ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားငှားရမ်း၍ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(နော်ပန်းသဉ္ဇာမြိုး၊ တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Eternal Ease (Myanmar) Garment Limited
လက်ခံစာတွဲ/မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊၀၀၁/ MIC(OSS) /၀၁(၁၇၆ / ၁၆)
ရက် စွဲ ၂၀၁၆ခုနှစ် ဇွန် လ ၁၃ ရက်

M- 930
1316

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Eternal Ease (Myanmar) Garment Limited မှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မရက-၃/ န-၁၃၆၀/ ၂၀၁၆(၇၅၂)

၁။ ဟောင်ကောင်ရှိ Eternal Ease Development Limited မှ ၉၉.၈၆%၊ Mr. Yan Feng မှ ၀.၀၇% နှင့် Mr. Zhou Hexing မှ ၀.၀၇% တို့ဖြင့် မြန်မာနိုင်ငံတွင် Eternal Ease (Myanmar)Garment Limited တည်ထောင်ကာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကနစ်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ မြေကွက်အမှတ်(၁၃၃)ရှိမြေဧရိယာ၂.၈၄၁ဧက(၁၁၄၉၇.၁၃စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအားငှားရမ်း၍ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ်(၅၀)နှင့် သက်တမ်းတိုး(၁၀)နှစ်(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်များကိုလည်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR)လုပ်

ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်ငန်းအဆင့်ဆင့်တွင် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိမ်းလန်းစိုပြေသော ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ Eternal Ease (Myanmar) Garment Limited မှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်သောလုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုမည့် ပစ္စည်းများသည် ဆွေးမြေ့ပျက်စီးရန်အချိန်ကြာမြင့်ပြီး မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊ ပိတ်စဖြတ်ခြင်း ပုံစံညှပ်ခြင်းလုပ်ငန်းအဆင့်များတွင် ထွက်ရှိလာမည့် ဖြတ်စ၊ ညှပ်စ၊ အမှုန်အမွှားများကြောင့် မြေထုနှင့်လေထုညစ်ညမ်းခြင်း၊ လုပ်ငန်းအဆင့်တိုင်းတွင် စက်များကိုအသုံးပြုဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်း စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Eternal Ease (Myanmar) Garment Limitedမှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်း

များအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan– EMP) အား ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၁၃-စမ(၂)၂၀၁၆-၂၀၁၇(၇၃၁)

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃.၆.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၃/ န-၁၃၆၁ / ၂၀၁၆ (၇၅၃)

၁။ Eternal Ease (Myanmar) Garment Limited မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာဓုကန်စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၁)၊ မြေကွက်အမှတ်(၁၃၃)တွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုနှင့် ဘွိုင်လာအသုံးပြုမှုတို့ကို လျှပ်စစ်ဥပဒေ၊ ဘွိုင်လာဥပဒေတို့နှင့်အညီ အသုံးမပြုမီ စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်နှင့် ၎င်းအစီအမံအတွက် အသားတင်အမြတ်ငွေ၏ ၁% သုံးစွဲရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) စက်ပစ္စည်းစာရင်းတွင် Embroidery Machine (၂၀)လုံးတင်သွင်းရန်တင်ပြထားပြီး T-Shirt အတွက် လုပ်ငန်းလိုအပ်ပါက ပန်းထိုးပြီးသော Cut Piece တင်သွင်းမည် ဖြစ်ပါသည်။

(စ) CMP လုပ်ခနှုန်းတင်ပြထားမှုမှာ လျော့နည်းနေပါသဖြင့် CMP လုပ်ခနှုန်း အနည်းငယ်တိုးမြှင့်ပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

(ဆ) ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်း သုံးစွဲမှုနှုန်း ဆီလျော်မှုရှိပါသည်။

(ဇ) နှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်း ဆီလျော်မှု ရှိပါသည်။

(ဈ) ကုန်ထုတ်လုပ်မှုပြည့်မီရန်အတွက် ဝန်ထမ်းအင်အား ဖြည့်တင်းရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Eternal Ease (Myanmar) Garment Limited မှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက ဤဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိပါကြောင်း** ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

☎ -၀၁-၆၅၈၀၁၂၈
🖷 -၀၁-၆၅၈၀၁၄၁

စာအမှတ်၊မရက-၃/န-၁၃၆၁/၂၀၁၆(၉၃၇)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၃ ရက်

M-1105
29/7/16

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

၁။ Eternal Ease (Myanmar) Garment Limited မှ CMPစနစ်ဖြင့်အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအဆိုပြုချက်အပေါ် ဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်တင်ပြလာပါသည်။

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
(က)	စက်မှုဝန်ကြီးဌာန	(တင်ဝင်း) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	(signature)
(ခ)	အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	ဦးဇော်မျိုးမင်း	ဒုတွဲ့မန်နေဂျာ	လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	(signature)

၂။ ၎င်းပြင်ဆင်ချက်ကို အထက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၂၃. ၇. ၂၀၁၆
အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

checking **ကန့်သတ်** Inv(2)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄/အလ/ခွဲ(၂)၂၀၁၆(၇၁၉၂)

ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

NPT-1927
1-8-2016

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M-1121
28.16

အကြောင်းအရာ။ **Eternal Ease (Myanmar)Garment Limitedမှ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက- ၃/န- ၁၃၆၁/၂၀၁၆(၉၁၄)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန် ၊ မြေတိုင်း ရပ်ကွက် အမှတ် ၅၁၊ မြေကွက် အမှတ် (၁၃၃)၌ ဟောင်ကောင်ရှိ Eternal Ease Development Limited က ၉၉.၈၆% ၊ Mr.Yan Feng က ၀.၀၇% နှင့် Mr. Zhou Hexing က ၀.၀၇% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Eternal Ease (Myanmar) Garment Limited တည်ထောင်ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် CMP စနစ်နှင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် တင်ပြလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် အထည် ချုပ်စက်ရုံ အမှတ် (၁၇) စက်ရုံမှူး ဒေါ်လှသီတာတို့သည် ၂၀-၇-၂၀၁၆ ရက်နေ့တွင် စက်ရုံသို့ သွားရောက်၍ စစ်ဆေးခဲ့ပါသည်။

၂။ Eternal Ease (Myanmar) Garment Limited ၏ အဆိုပြုချက်အပေါ် အောက်ပါ အတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

ချုပ်ထည်	**တစ်ထည်လိုအပ်ချက်နှုန်းထား**	**ကိုက်ညီမှုရှိ/မရှိ**
1. T-Shirt	1.65 yds/pc	ကိုက်ညီမှုမရှိပါ။
2. Shirt	1.705 yds/pc	ကိုက်ညီမှုရှိပါသည်။
3. Blouse	1.87 yds/pc	॥
4. Pullover	1.925 yds/pc	॥
5. Jacket	2.035 yds/pc	॥
6. Dress	1.760 yds/pc	॥

MIC

7. Pants	1.925 yds/pc	ကိုက်ညီမှုမရှိပါ။
8. Shorts	0.935 yds/pc	။
9. Tank Top	0.55 yds/pc	ကိုက်ညီမှုရှိပါသည်။

အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည် လိုအပ်ချက် နှုန်းထား ၊ တားမြစ်သတ်မှတ်စံနှုန်းထားများ ကိုက်ညီမှု မရှိကြောင်း တွေ့ရှိရပါသည်။

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်ထည်လိုအပ် ချက်နှုန်းထား	လိုအပ်မည့် ကုန်ကြမ်းအရေ အတွက်
1. T-Shirt	75000 Dzs	1.5 yds/pc	1350000 yds
2. Shirt	18750 Dzs	1.705 yds/pc	383625 yds
3. Blouse	18750 Dzs	1.87 yds/pc	420750 yds
4. Pullover	75000 Dzs	1.925 yds/pc	1732500 yds
5. Jacket	56250 Dzs	2.035 yds/pc	1373625 yds
6. Dress	37500 Dzs	1.760 yds/pc	792000 yds
7. Pants	56250 Dzs	1.5 yds/pc	1012500 yds
8. Shorts	18750 Dzs	0.75 yds/pc	168750 yds
9. Tank Top	18750 Dzs	0.55 yds/pc	123750 yds

အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 7357500 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်တွင် 7821000 yds ဖော်ပြထားသဖြင့် 463500 yds ပိုများနေသဖြင့် ပြင်ဆင်တင်ပြသင့်ပါသည်။

(ခ) CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ

အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိ လက်ခ နှုန်းထား နှင့် နှိုင်းယှဥ်ရာတွင် နည်းနေကြောင်း တွေ့ရှိရ၍ ပြင်ဆင်တင်ပြသင့်ပါသည်-

ချုပ်ထည်	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	အထည်ချုပ်အသင်း လက်ရှိ CMP လက်ခနှုန်းထား
1. T-Shirt	5.292 US$/ Dz	10-12 US$/ Dz
2. Shirt	6.615 US$/Dz	10-12 US$/Dz
3. Blouse	6.35 US$/ Dz	10-12 US$/ Dz
4. Pullover	6.615 US$/ Dz	10-12 US$/ Dz
5. Jacket	15.876 US$/ Dz	20-30 US$/ Dz
6. Dress	10.372 US$/ Dz	10-12 US$/ Dz
7. Pants	11.025 US$/ Dz	10-12 US$/ Dz
8. Shorts	6.615 US$/ Dz	8-10 US$/ Dz
9. Tank Top	5.186 US$/ Dz	6-8 US$/ Dz

(ဂ) နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်း (၉)မျိုးဖြစ်ပြီး အဓိကစက်အနေဖြင့် Single Needle Machines ၄၅၀ လုံး၊ Over/ InterLock Machines ၄၄၁ လုံး၊ Double Needle Machines ၂၆ လုံးဟု ဖော်ပြထားခြင်း၊ Skilled Workers ၁၆၅ ဦး၊ Semi Skilled Workers ၁၈၀ ဦး၊ Unskilled Workers ၂၃၀ ဦး၊ Quality Control Workers ၆ ဦး တို့သာ ခန့်ထားလုပ်ကိုင်စေ၍ စက်အရေအတွက်များပြီး လူအရေအတွက်နည်းနေပါသည် -

ချုပ်ထည်	ကုန်ထုတ်စက်	တစ်ရက်ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်
1. T-Shirt	စက်(၁)လိုင်း	1200 pcs/10 hour	31000 Dzs
2. Shirt	စက်(၁)လိုင်း	600 pcs/10 hour	15500 Dzs
3. Blouse	စက်(၁)လိုင်း	600 pcs/10 hour	15500 Dzs
4. Pullover	စက်(၁)လိုင်း	800 pcs/10 hour	20667 Dzs
5. Jacket	စက်(၁)လိုင်း	400 pcs/10 hour	10333 Dzs
6. Dress	စက်(၁)လိုင်း	500 pcs/10 hour	12917 Dzs
7. Pants	စက်(၁)လိုင်း	600 pcs/10 hour	15500 Dzs
8. Shorts	စက်(၁)လိုင်း	300 pcs/10 hour	7750 Dzs
9. Tank Top	စက်(၁)လိုင်း	300 pcs/10 hour	7750 Dzs

အဆိုပြုချက်ပါ ထုတ်လုပ်မှုနှင့် နှိုင်းယှဉ်လျှင် 40%သာ ထုတ်လုပ်နိုင်မည်ဖြစ်၍ လူအင်အား ထပ်မံခန့်ထားမှသာ လုပ်ကိုင်နိုင်မည်ဖြစ်၍ ပြင်ဆင် တင်ပြသင့်ပြီး ထုတ်လုပ်မှုအတိုင်းသာ ကုန်ကြမ်း တင်သွင်းသင့်ပါသည် -

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ(ဒါဇင်)
1. T-Shirt	75000 Dzs	31000 -31500 Dzs
2. Shirt	18750 Dzs	15500 -16000 Dzs
3. Blouse	18750 Dzs	15500-16000 Dzs
4. Pullover	75000 Dzs	20667 -21167 Dzs
5. Jacket	56250 Dzs	10333 -10833 Dzs
6. Dress	37500 Dzs	12917 -13417 Dzs
7. Pants	56250 Dzs	15500 -16000 Dzs
8. Shorts	18750 Dzs	7750 -8250 Dzs
9. Tank Top	18750 Dzs	7750 -8250 Dzs

၃။ သို့ဖြစ်၍ Eternal Ease (Myanmar) Garment Limited အား ပြင်ဆင် တင်ပြပြီးမှသာ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

၂၇၊၇/၂၀၁၆

ဥက္ကဋ္ဌ(ကိုယ်စား)

(မောင်မောင်ကျော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

(အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ရန်ကုန်တိုင်းဒေသကြီး၊ CMP လုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)

Eternal Ease (Myanmar) Garment Limited

ရုံးလက်ခံ

မျှောစာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

☎ -၀၁-၆၅၈၁၂၈
🖷 -၀၁-၆၅၈၁၄၁

စာအမှတ်၊မရက-၃/န-၁၃၆၁/၂၀၁၆(၁၀၇၅)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်

M-1262
24/8/16

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

၁။ Eternal Ease (Myanmar) Garment Limited မှ CMPစနစ်ဖြင့်အဝတ်အထည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းအဆိုပြုချက်အပေါ် ဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ပြင်ဆင်တင်ပြလာပါသည်။

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
(က)	CMPလုပ်ငန်းများကြီးကြပ်ရေးကော်မတီ	[signature]	[signature]	~~လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/~~ လက်မခံနိုင်ပါ	[signature] [stamp]

၂။ ၎င်းပြင်ဆင်ချက်ကို အထက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

[signature] ၁၆.၈.၂၀၁၆
အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

M-1739
16/8/16

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇. ၇. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မကရ-၃/န-၁၃၇၂/၂၀၁၆(၉၁၉-က)

၁။ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းထားသော Maxvis International Trading Limited မှ ၇၂%၊ တရုတ်နိုင်ငံသား Mr. Wang Yunhao မှ၁၈% နှင့် Mr. Qiao, Liang မှ ၁၀% အသီးသီးထည့်ဝင်၍ မြန်မာနိုင်ငံတွင် Handa (Yangon) Garment Co., Ltd.(Factory- 2) တည်ထောင်ကာ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်- ၁၃၊ ၁၄၊၁၅၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၅၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာစုစုပေါင်း ၇. ၂၈၁ ဧက(၂၉,၄၆၅. ၁၉ စတုရန်းမီတာ) အား ငှားရမ်း၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(နော်ပန်းသဉ္ဇာမြိုး၊ တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Handa (Yangon) Garment Co., Ltd.(Factory- 2)
လက်ခံစာတွဲ/မျှောစာတွဲ

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၁၉.၃ / ၁၆)
ရက် စွဲ ၊၂ဝ၁၆ခုနှစ် ဇူလိုင် လ ၁၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Handa (Yangon) Garment Co., Ltd. (Factory-2) မှ CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇-၇-၂ဝ၁၆ ရက်စွဲပါစာအမှတ်၊ မရက-၃/ န-၁၃၇၂/ ၂ဝ၁၆(၉ဝ၈)

၁။ အင်္ဂလန်နိုင်ငံတွင်ဖွဲ့စည်းထားသော Maxvis International Trading Limited မှ ၇၂%၊ တရုတ်နိုင်ငံသား Mr. Wang Yunhao မှ ၁၈% နှင့် Mr. Qiao, Liang မှ ၁ဝ% အသီးသီးထည့်ဝင်၍ မြန်မာနိုင်ငံတွင် Handa (Yangon) Garment Co., Ltd. (Factory-2) တည်ထောင်ကာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်-၁၃၊ ၁၄၊ ၁၅၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ရွှေလင်ပန်းစက်မှုမြို့၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ စုစုပေါင်း ၇.၂၈ဝ ဧက(၂၉၄၆၅.၁၉ စတုရန်းမီတာ) အားငှားရမ်း၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စီစစ်ပြီး သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၂ဝ) နှင့် (၁ဝ) နှစ်သက်တမ်းတိုး(၁)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁၈)လဖြစ်ကြောင်း၊ လုပ်သားများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၁%)ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်း

ကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အားရေးဆွဲ၍ စီမံချက်ပါအတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Handa (Yangon) Garment Co., Ltd. (Factory-2) မှ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့် ကုန်ကြမ်းပိတ်စများသည် ဆွေးမြေ့ပျက်စီးရန် အချိန်ကြာမြင့်ပြီး မြေဆီလွှာထိခိုက်ပျက်စီးခြင်း၊ လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ပိတ်ဖြတ်စ၊ ညှပ်စ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်မြေထုနှင့်လေထုညစ်ညမ်းခြင်း၊ ပုံစံညှပ်ခြင်း၊ ပိတ်စဖြတ်ခြင်းလုပ်ငန်းအဆင့်တိုင်းတွင် စက်များကို အသုံးပြုဆောင်ရွက်ရမည်ဖြစ်သဖြင့် အသံဆူညံခြင်းစသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုပြဿနာများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Handa (Yangon) Garment Co., Ltd. (Factory-2) မှ CMP စနစ်ဖြင့်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအားဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၁%) အားအသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း / စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan– EMP) အား ပတ်ဝန်းကျင်

ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ ဆန္ဒနှင့်သဘောထားများ ရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၁၃-စမ(၂)၂၀၁၆-၂၀၁၇(၁၀၉၄)

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇.၇.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၃/ န-၁၃၇၂ / ၂၀၁၆ (၉၁၉-ခ)

၁။ Handa (Yangon) Garment Co.,Ltd. (Factory-2) မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့၊ မြေတိုင်း ရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၁၃၊ ၁၄၊ ၁၅)တွင် CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန် ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ် တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ် လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး တို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် နှင့် ငွေးအစီအမံအတွက် အသားတင်အမြတ်ငွေ၏ ၁ % သုံးစွဲရန် လိုအပ်ပါ သည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားတင်ပြထားပြီး စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

(င) CMP လုပ်ခနှုန်းတင်ပြထားမှုမှာ ဆီလျော်မှု ရှိပါသည်။

(စ) ကုန်ကြမ်းနှင့်ပူးတွဲသုံးပစ္စည်း တင်ပြချက်မှာ Vest, T Shirt & Sport Shirt, Skirt, Pants နှင့် Blanket အတွက် Thread သုံးစွဲမှုနှုန်းများနေသဖြင့် လျှော့နည်းပြင်ဆင်တင်ပြရန် လိုအပ်ပါသည်။

(ဆ) နှစ်အလိုက် ကုန်ထုတ်လုပ်မှုနှင့် ကုန်ကြမ်းသုံးစွဲမှုနှုန်း ဆီလျော်မှု ရှိပါသည်။

(ဇ) စက်အင်အားများနေသဖြင့် စက်အင်အားအရ ကုန်ထုတ်လုပ်မှုအရေအတွက် တိုးမြှင့်၍ ဝန်ထမ်းအင်အား ဖြည့်တင်းရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Handa (Yangon) Garment Co.,Ltd. (Factory-2) မှ CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက ဤဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိပါကြောင်း** ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁) သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

M. 1323
၄/၇

တယ်လီဖုန်း- ၀၁-၆၅၈၁၂၈
ဖက်(စ်) - ၀၁-၆၅၈၁၄၁

စာအမှတ်၊ မရက- ၃/န-၁၃၇၂/၂၀၁၆ (၁၀၅၆)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်

အဆိုပြုလွှာအပေါ်ထပ်မံစိစစ်ချက်

၁။ Handa (Yangon) Garment Co., Ltd. မှ CMP စနစ်ဖြင့် အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း အဆိုပြုချက်အပေါ် ဌာန၏လမ်းညွှန်ချက်နှင့်အညီ ကုမ္ပဏီမှ ပြန်လည်ပြင်ဆင် တင်ပြလာပါသည်။

စဉ်	ဌာန	စိစစ်သူ		စိစစ်ဆောင်ရွက်ချက်	လက်မှတ်
		အမည်	ရာထူး		
က	စက်မှုဝန်ကြီးဌာန	(တင်ဝင်း) လက်ထောက်အတွင်းဝန် (ညွှန်ကြားရေးမှူး) စက်မှုဝန်ကြီးဌာန		လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	[signature]
ခ	အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	ဦးအောင်မျိုး မင်း	အထွေထွေမန်နေဂျာ	လက်ခံနိုင်ပါသည်/ ပြန်လည်စိစစ်ရန် လိုအပ်ပါသည်/ လက်မခံနိုင်ပါ	[signature]

၂။ ၎င်းပြင်ဆင်ချက်ကို အထက်ပါဇယားတွင် စိစစ်မှတ်ချက်ပြုပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

[signature]
၁၆.၈.၂၀၁၆
အတွင်းရေးမှူး(ကိုယ်စား)
(စန်းစန်းမြင့်၊ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄/အလ/ခွဲ(၂)၂၀၁၆(ရ၂၃၆)

ရက် စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

NPT-1959
2.8.2016

M-1132
3/8/16

အကြောင်းအရာ။ **Handa (Yangon) Garment Co.,Ltd မှ CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၇-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက- ၃/န- ၁၃၇၂/၂၀၁၆(၉၁၉-၀)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ် -၂၅ ၊ မြေကွက်အမှတ် (၁၃၊၁၄၊၁၅)၌ အင်္ဂလန်တွင်ဖွဲ့စည်းထားသော Maxvis International Trading Limited က ၇၂%၊ တရုတ်နိုင်ငံမှ Mr. Wang Yunhao က ၁၈% နှင့် Mr. Qiao Liang က ၁၀% ထည့်ဝင်၍ မြန်မာနိုင်ငံတွင် Handa (Yangon) Garment Co., Ltd တည်ထောင်ပြီး ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်တင်ပြလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး CMP လုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်၊ အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် အထည်ချုပ်စက်ရုံ အမှတ် (၁၇) စက်ရုံမှူး ဒေါ်လှသီတာတို့သည် ၂၀-၇-၂၀၁၆ ရက်နေ့တွင် စက်ရုံသို့သွားရောက်၍ စစ်ဆေးခဲ့ပါသည်။

၂။ Handa (Yangon) Garment Co., Ltd ၏ အဆိုပြုချက်အပေါ် အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) **CMP ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှု အချိုးအစား ညီညွတ်မှု ရှိ/မရှိ**

ချုပ်ထည်	တစ်ထည်လိုအပ်ချက်နှုန်းထား	ကိုက်ညီမှုရှိ/မရှိ
1. All Kind of Vest	1.2 yds/pc	ကိုက်ညီမှုရှိပါသည်။
2. All Kind of T-Shirt	1.5 yds/pc	״
3. All Kind of Coat	2.8 yds/pc	״
4. All Kind of Skirt	1.0 yd/pc	״
5. All Kind of Pants	1.5 yds/pc	״
6. All Kind of Night Dress	1.5 yds/pc	״
7. All Kind of Blanket	1.3 yds/pc	״

MIC

အဆိုပြုချက်ပါ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ထည် လိုအပ်ချက်နှုန်းထား၊ တားမြစ်သတ်မှတ်စံနှုန်းထားများနှင့် ကိုက်ညီမှု ရှိကြောင်း တွေ့ရှိရပါသည်။

ချုပ်ထည်	အဆိုပြု ထုတ်လုပ်မှု အရေအတွက်	တစ်ထည်လိုအပ် ချက်နှုန်းထား	လိုအပ်မည့် ကုန်ကြမ်းအရေ အတွက်
1. All Kind of Vest	650000 pcs	1.2 yds/pc	780000 yds
2. All Kind of T-Shirt	350000 pcs	1.5 yds/pc	525000 yds
3. All Kind of Coat	200000 pcs	2.8 yds/pc	560000 yds
4. All Kind of Skirt	380000 pcs	1.0 yd/pc	380000 yds
5. All Kind of Pants	400000 pcs	1.5 yds/pc	600000 yds
6. All Kind of Night Dress	380000 pcs	1.5 yds/pc	570000 yds
7. All Kind of Blanket	700000 pcs	1.3 yds/pc	910000 yds

အဆိုပြုချက်ပါ ပစ္စည်းအားလုံး ထုတ်လုပ်မည်ဆိုပါက စုစုပေါင်းကုန်ကြမ်း 4325000 yds ကုန်ကျမည်ဖြစ်သဖြင့် အဆိုပြုချက်တွင် 4325000 yds ဖော်ပြထားသဖြင့် ကိုက်ညီမှုရှိပါသည်။

(ခ) **CMPလက်ခနှုန်းထားများ တင်ပြမှုဆီလျော်မှုရှိ/မရှိ**

အဆိုပြုချက်ပါ CMP လက်ခ နှုန်းထားများသည် လက်ရှိ လက်ခ နှုန်းထား နှင့် နှိုင်းယှဉ်ရာတွင် ဆီလျော်မှု ရှိကြောင်း တွေ့ရှိရပါသည် -

ချုပ်ထည်	အဆိုပြုချက်ပါ CMP လက်ခနှုန်းထား	အထည်ချုပ်အသင်း လက်ရှိ CMP လက်ခနှုန်းထား
1. All Kind of Vest	12.12 US$/ Dz	10-12 US$/ Dz
2. All Kind of T-Shirt	14.52 US$/Dz	10-12 US$/Dz
3. All Kind of Coat	36.12 US$/ Dz	20-30 US$/ Dz
4. All Kind of Skirt	12.12 US$/ Dz	10-12 US$/ Dz
5. All Kind of Pants	16.92 US$/ Dz	10-12 US$/ Dz
6. All Kind of Night Dress	14.52 US$/ Dz	10-12 US$/ Dz
7. All Kind of Blanket	9.72 US$/ Dz	10-12 US$/ Dz

(ဂ) **နှစ်စဉ်ထုတ်လုပ်မှု၊ စက်အင်အား၊ လူအင်အားအချိုးအစား ညီမျှမှု ရှိ/မရှိ**

အဆိုပြုချက်ပါ ထုတ်လုပ်မည့် ပစ္စည်းများမှာ (၇)မျိုးဖြစ်ပြီး အဓိက စက်အနေဖြင့် Single Needle Machines ၇၅၀ လုံး၊ Over Lock Machines ၁၀၉၅ လုံး၊ Inter Lock Machines ၆၆ လုံး၊ Arm Sewing Machines ၅၀၀ လုံးဟု ဖော်ပြထားခြင်း၊ Skilled Workers ၁၁၀၀ ဦး၊ Unskilled Workers ၅၀၀ ဦး၊ Quality Control Workers ၂၈ ဦးတို့သာ ခန့်ထား လုပ်ကိုင်စေပါက စက်အရေအတွက်များပြီး လူအရေအတွက်နည်းနေပါသည်။ လူဦးရေ အခြေခံ တွက်ချက်မည်ဆိုပါက -

ချုပ်ထည်	ကုန်ထုတ် စက်	တစ်ရက် ထုတ်လုပ်နိုင်မှု	တစ်နှစ်ထုတ်လုပ်မှု (၃၁၀) ရက်
1. All Kind of Vest	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs
2. All Kind of T-Shirt	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs
3. All Kind of Coat	စက်(၁)လိုင်း	1152 pcs/10 hour	357120 pcs
4. All Kind of Skirt	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs
5. All Kind of Pants	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs
6. All Kind of Night Dress	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs
7. All Kind of Blanket	စက်(၁)လိုင်း	1920 pcs/10 hour	595200 pcs

အဆိုပြုချက်ပါ ထုတ်လုပ်မှုနှင့်နှိုင်းယှဥ်လျှင် စက်အားလုံးမလည်ပတ်နိုင်သော်လည်း စက်လိုင်းပြောင်းလဲ ထုတ်လုပ်ခြင်းဖြင့် ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည် -

ချုပ်ထည်	အဆိုပြုထုတ်လုပ်မှု အရေအတွက်	တစ်နှစ်ထုတ်လုပ်နိုင်မှု ပမာဏ(ထည်)
1. All Kind of Vest	650000 pcs	595200 -595700 pcs
2. All Kind of T-Shirt	350000 pcs	595200 -595700 pcs
3. All Kind of Coat	200000 pcs	357120 -357600 pcs
4. All Kind of Skirt	380000 pcs	595200 -595700 pcs
5. All Kind of Pants	400000 pcs	595200 -595700 pcs
6. All Kind of Night Dress	380000 pcs	595200 -595700 pcs
7. All Kind of Blanket	700000 pcs	595200 -595700 pcs

၃။ သို့ဖြစ်ပါ၍ Handa (Yangon) Garment Co.,Ltd အား လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုသင့်ပြီး မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ CMP စနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

၂၉/၇/၂၀၁၆

ဥက္ကဋ္ဌ(ကိုယ်စား)

(မောင်မောင်ကျော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

(အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(ရန်ကုန်တိုင်းဒေသကြီး၊ CMP လုပ်ငန်းများမြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)
Handa (Yangon) Garment Co.,Ltd
ရုံးလက်ခံ
မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁၉ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁. ၆. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မကရ-၃/န-၁၃၆၅/၂၀၁၆(၇၄၅)

၁။ ဟောင်ကောင်တွင် ဖွဲ့စည်းထားသော Whale Fun International Limited မှ ၉၉%နှင့် Mr. Lee Chun Fai မှ ၁%အသီးသီးထည့်ဝင်၍ မြန်မာနိုင်ငံတွင် Myanmar Jiale Fashion Co.,Ltd. (Factory.2) တည်ထောင်ကာ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြေကွက်အမှတ်-၄၄၊ မြေတိုင်းရပ်ကွက်အမှတ် -၂၅၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာစုစုပေါင်း ၁. ၉၆၉ ဧက (၇,၉၆၈. ၂၇စတုရန်းမီတာ) အားငှားရမ်း၍ CMPစနစ်ဖြင့် အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

